# မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်း

## MYANMAR GARMENT MANUFACTURERS ASSOCIATION

UMFCCI - 9th Floor, No. 29, Min Ye Kyaw Swar Road, Lanmadaw Township, Yangon
☎: 95-1-2300253, 95-1-2314829 Fax: 95-1-2314829 ✉: mgma@myanmargarments.org

ရက်စွဲ ။ ။ ၂၀၂၅ခုနှစ် မတ်လ ၃၁ ရက်

သို့

ပိုင်ရှင်/ MD / ဒါရိုက်တာ / မန်နေဂျာများ
အသင်းဝင် / ကုမ္ပဏီလုပ်ငန်းရှင်များအားလုံး

အကြောင်းအရာ။ ။ **လျှင်သဘာဝဘေးအန္တရာယ်ကျရောက်သောဒေသများအတွက် အလှူငွေများ လှူဒါန်းနိုင်ရန် နှိုးဆော်ခြင်း။**

၁။ ၂၈.၃.၂၀၂၅ (ကြာသပတေးနေ့) တွင် ပြင်းအား ၇.၇ အဆင့်ရှိ အင်အားပြင်းထန်သော လျှင်ဘေးအန္တရာယ်ကြောင့် မန္တလေး ၊ စစ်ကိုင်း ၊ နေပြည်တော်၊ အခြားတိုင်းဒေသကြီးများ နှင့် ပြည်နယ်များတွင် သဘာဝဘေးအန္တရာယ် ကျရောက်လျက်ရှိပြီး ယင်းဒေသများတွင်ရှိသော ပြည်သူများအတွက် ကူညီထောက်ပံ့မှုများ များစွာလိုအပ်လျက်ရှိပါသည်။

၂။ ယင်းဒေသများတွင် အကူအညီလိုအပ်နေသော ပြည်သူများအား ထောက်ပံ့ပေးနိုင်ရန်အတွက် မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်းသည် မိတ်ဖက်ညီနောင်အသင်းများ၊ မိမိတို့ အသင်းဝင်များနှင့်အတူ လှူဒါန်းမှုများ ပြုလုပ်သွားမည်ဖြစ်သည့်အတွက် လှူဒါန်းလိုသော အသင်းဝင်စက်ရုံ / ကုမ္ပဏီများအနေဖြင့် **အလှူငွေ(ငွေသား)များ** ပိုင်းဝန်းလှူဒါန်းနိုင်ကြပါရန် နှင့် ယင်းအလှူငွေများကို အလျင်မြန်ဆုံး ထိရောက်စွာ စီစဉ်ဆောင်ရွက်နိုင်ရန် အသင်း၏ အစီအစဉ်ဖြင့်သော်လည်းကောင်း၊ မိတ်ဖက်ညီနောင်အဖွဲ့အစည်းများနှင့် ပူးပေါင်း၍သော်လည်းကောင်း လှူဒါန်းမှုများပြုလုပ်နိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။

၃။ သို့ပါ၍ လှူဒါန်းလိုသော အသင်းဝင်စက်ရုံ/ကုမ္ပဏီများအနေဖြင့် **အလှူငွေ (ငွေသား)များကို ၂.၄.၂၀၂၅ (ဗုဒ္ဓဟူးနေ့) နောက်ဆုံးထား၍** အောက်ဖော်ပြပါလိပ်စာသို့ ဆက်သွယ်လှူဒါန်းနိုင်ကြပါရန် မေတ္တာရပ်ခံ တိုက်တွန်းနှိုးဆော်အပ်ပါသည်။

**အလှူငွေလက်ခံမည့်နေရာ**

မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်း
(၉)လွှာ ၊ UMFCCI Office Tower ၊ အမှတ်(၂၉)၊ မင်းရဲကျော်စွာလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း – ၀၁–၂၃၁၄၈၂၉ , ၀၁–၂၃၀၀၂၅၃ (Ext: ၁၄) ၊ ၀၉–၇၅၈၄၅၁၁၅၈ ၊ ၀၉–၄၂၁၁၃၅၀၈၄
Bank Account No. 0021 0112 0002 0995 (A Bank – Special Saving)
Myanmar Garment Manufacturers Association

အလုပ်အမှုဆောင်အဖွဲ့